
နပိုလီယံဟေး

# ကိုယ်ပိုင်စွမ်းရည် တည်ဆောက်ခြင်း

အောင်လှိုင်မြန်မာပြန်

# THE PATH TO PERSONAL POWER




Napoleon Hill

mgyoe.com

# ကိုယ်ပိုင်စွမ်းရည် တည်ဆောက်ခြင်း

# THE PATH TO PERSONAL POWER

Napoleon Hill



လူတစ်ယောက်မှာစိတ်ကူးစိတ်သန်းတွေရဲ့လွှမ်းမိုးမှု၊
အစီစဉ်ကောင်းတွေ ချမှတ်ထားနိုင်မှု၊
ရည်မှန်းချက်တိကျစွာ ချမှတ်ထားမှုတွေ
ရှိနေပြီဆိုရင် သင့်မသိစိတ်ထဲမှာ
သင့်ရည်ရွယ်ချက်တွေကိုအကောင်အထည်
ဖော်စေမယ့် ပြင်းပြသောအလိုဆန္ဒတွေက
လက်တွေ့ကျကျ လုပ်ဆောင်နိုင်အောင်နဲ့
အောင်မြင်အောင် စေ့ဆော်
တိုက်တွန်းနေပါလိမ့်မယ်။

AH0153
1,500.00 KS

mgyoe.com


| | |
|---|---|
| ထုတ်ဝေသူ | • ဒေါ်အိဝတ်ရည်ထွန်း။ |
| | • ဂျူတီစာပေ(၀၂၀၇၇)၊ |
| | • အမှတ်(၄၉၉)၊ပြ-လွှာ(က)၊ |
| | • ဓမ္မာရုံလမ်း၊(၁၀)ရပ်ကွက်၊ |
| | • လှိုင်မြို့နယ်။ |
| ပုံနှိပ်သူ | • ဦးစန်းဦး၊ SKCC Press(၀၀၄၁၃)၊ |
| | • ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။ |

ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊ ၂၀၂၀၊ ဇော်လ

အောင်လှိုင်/
ကိုယ်ပိုင်စွမ်းရည် တည်ဆောက်ခြင်း
စာမျက်နှာ ၁၁၉ မျက်နှာ၊
၁၂.၈ စင်တီ× ၁၈.၅ စင်တီ


mgyoe.com

mgyoe.com

## မာတိကာ

■ **အခန်း(၁)**

ရည်မှန်းချက်အား တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်း ၂

■ **အခန်း(၂)**

ကြိုးကိုင်ခြယ်လှယ် စီစဉ်ညွှန်ကြားနိုင်စွမ်းရှိသော ဥပဒေသ ၃၇

▫ ခွဲခြမ်းစိတ်ဖြာအဖြေရှာခြင်း ၅၈

■ **အခန်း(၃)**

တိုးတက်အောင်မြင်စေဖို့ အထူးအားထုတ်ကြိုးစားခြင်း ၈၂

▫ ခွဲခြမ်းစိတ်ဖြာအဖြေရှာခြင်း ၁၀၄



mgyoe.com

mgyoe.com

အခန်း(၁)

## ရည်မှန်းချက်အား တိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်း

ဤစာအုပ်တွင်ပါရှိသော သင်ခန်းစာတွေဟာ သင့်အတွက် လက်တွေ့ အသုံးဝင်သော အသိပညာ ဗဟုသုတတွေဖြစ်စေပြီး ဘဝတစ်သက်တာ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရာမှာ အောင်မြင်မှုရရှိတဲ့ အထိ များစွာအထောက်အကူပြုတာတွေ့ရပါလိမ့်မယ်။

နောက်ထပ် ထူးခြားတဲ့အချက်ကတော့ ဤစာအုပ်မှာ ပါဝင်တင်ပြ ချက်တွေဟာ အင်ဒရူးကာနေဂျီ အပါအဝင် အမေရိကန်စီးပွားရေးစွမ်း ဆောင်ရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေလည်းဖြစ် အမေရိကန် စီးပွားရေးလောကမှာ ဩဇာတိက္ကမကြီးမားသူ၊ ခေါင်းဆောင်တွေလည်း ဖြစ်တဲ့ အထင်ကရပုဂ္ဂိုလ်ကျော် ၅၀၀ ကျော်ရဲ့ ဘဝအတွေ့အကြုံနဲ့ ယှဉ်ပြီး ရရှိလာတဲ့ စဉ်းစားတွေးခေါ်မှုပုံစံတွေဖြစ်တာကို တွေ့ရပါလိမ့် မယ်။

ထင်ပေါ်ကျော်ကြားလှတဲ့ အထက်ပါပုဂ္ဂိုလ်များအနက် အောင် မြင်မှု၊ အထွတ်အထိပ် အရောက်ဆုံးသူတွေကတော့ ဟင်နရီဖို့ဒ်၊ သောမတ်စ်အယ်ဒီဆင် အော်စတင်ဝီယာ၊ ဆိုင်းရပ်စ်အိပ်ချ်လော

mgyoe.com

mgyoe.com


ကားတစ်အက်ဒဝပ် ဆော့ခ်၊ ဒေါက်တာအလက်ဇန်းဒါး ဂရေဟမ်ဘဲလ်၊ ဒေါက်တာ ဆယ်လ်မာ အားဂိတ်စ်၊ ဂျွန်ဝါနာမိတ်ကာဂျိမ်းစ်ဂျေဟေး၊ အက်ဒ်ဝင်စီဘာနီးစ်၊ ဝီလျံဟောဝပ်တပ်ဖ်၊ ချားစ်အမ်ချာဝပ်၊ သီအိုဒေါ ယုစဘဲ့၊ အဲလ်ဘာတ်အိပ်ချ်ဂရေး၊ ချားစ်ပီစတိန်းမက်ဇ်၊ ဝူးဒရိုးဝီလ်ဆင် တို့ပဲ ဖြစ်ပါတယ်။

သင့်အတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်မဲ့ ရည်မှန်းချက်တွေအတွက် သင်ဟာ အထက်ဖော်ပြပါ အမေရိကန်ရဲ့ အထင်ကရ ပုဂ္ဂိုလ် ၅၀၀ ရှိနေတဲ့ စာသင်ခန်းတစ်ခုအတွင်း သင့်ရဲ့ ဆရာတွေအဖြစ် သင်ခန်းစာပေးနေတဲ့ အဲဒီပုဂ္ဂိုလ် ၅၀၀ နှင့် အတူရှိနေတယ်လို့ စိတ်ကူးပုံဖော်မှတ်ယူပေးပါ။

အထက်ပါပုဂ္ဂိုလ် ၅၀၀ ဟာ အမေရိကန်ကို အချမ်းသာဆုံးနဲ့ အလွတ်လပ်ဆုံးသော တိုင်းပြည်ဖြစ်အောင်လုပ်ပေးခဲ့သူတွေ ဖြစ်တယ်လို့ မှတ်ယူပေးပါ။

ဒါဆိုရင် ဖော်ပြပါ ပုဂ္ဂိုလ်ကျော်တွေရဲ့ ရည်မှန်းချက်တွေ ဘဝအတွေ့အကြုံတွေ၊ ကိုယ်ပိုင်စွမ်းရည်နဲ့ စွမ်းဆောင်ရည်တွေကို သင်ခန်းစာအဖြစ် စံနမူနာထားပြီး သင့်ရည်မှန်းချက်ကိုလည်း တိကျစွာ အဓိပ္ပာယ် အဓိပ္ပာယ်ဖော်နိုင်မယ့်အပြင် သင့်ရဲ့ ကိုယ်ပိုင်စွမ်းရည်တွေကိုပါ မြင့်မားအောင်လုပ်ဆောင်နိုင်တော့မှာ ဖြစ်ပါတယ်။

ဤစာအုပ်ကို လေ့လာတဲ့အခါ ဘဝရည်မှန်းချက်ထားရှိခြင်းနှင့် ဘဝအောင်မြင်မှုရရှိခြင်းတို့နဲ့ပတ်သက်တဲ့ ဒဿနအမြင်တွေ အမေရိကန်ရဲ့ လူနေမှုစနစ်အရ လူတစ်ဦးချင်းအလိုက် ဘဝတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းတွေ ဖွင့်ပေးထားခြင်း၊ ကိုယ့်ကိုယ်ကိုယ် စီမံဆုံးဖြတ်ခွင့်ရှိစေခြင်း၊ သဘောတရားတွေကိုပါ တစ်ခါတည်း နားလည်သဘောပေါက်သွားမှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com


စာရေးသူအနေနဲ့ ဤစာအုပ်ကိုရေးသားခြင်းဟာ အမျိုးသား အမျိုးသမီးဆိုပြီး လိင်ခွဲခြားမှုမရှိဘဲ လူတန်းစားမရွေး အသက်ကြီးငယ်မရွေး အကျိုးရှိရှိဖတ်နိုင်စေဖို့ ရည်ရွယ်ပြီး ရေးသားခဲ့တာဖြစ်ပါတယ်။

ထို့ပြင်မက ဤစာအုပ်ဟာ ပညာတတ်ဖြစ်စေ ပညာတစ်ပိုင်းတစ်စနှင့် အလုပ်လုပ်နေသူတွေဖြစ်စေ လိုအပ်သလို လက်တွေ့အသုံးချနိုင်အောင် ရည်ရွယ်ပြီး ရေးသားခဲ့တာဖြစ်ပါတယ်။

သင့်အနေနဲ့ ဤစာအုပ်ပါ သင်ခန်းစာတွေကို အများဆုံးနာရီပိုင်းမျှဖြင့်ပြီးအောင် ဖတ်ရှုနိုင်သော်လည်း စာအုပ်တစ်အုပ်ထဲမှာ အကြောင်းအရာ အချက်အလက်တွေ ပြည့်စုံစွာထည့်နိုင်ဖို့အတွက် နှစ်ပေါင်း ၃၀ ကျော်ကြာ အချိန်ပေးပြီး သုတေသနပြုခြင်းတွေ၊ သတင်းအချက်အလက်စုဆောင်းခြင်းတွေကို သေချာစွာ ပြုလုပ်ခဲ့ရပါတယ်။

သင့်အနေနဲ့ စာအုပ်ပါအချက်တွေကို သေချာစွာ နားလည်လိုတယ်ဆိုရင် စာအုပ်အား တစ်ရွက်ချင်းစီအလိုက် ဖြည်းညင်းစွာ ဖတ်ရှုပေးပါ။

တွေ့ရှိရသော အချက်အလက်တွေကို မှတ်သားပေးပါ။

သင်က ဤစာအုပ်ကို သင်ချမှတ်ထားတဲ့ သင့်ရည်မှန်းချက်ရဲ့ အဓိပ္ပာယ်အတိအကျကို ဖွင့်ဆိုနိုင်ပါလိမ့်မယ်။ ပြီးရင် ဘဝမှာ တိကျတဲ့ ရည်မှန်းချက်ချမှတ်ပြီး အဲဒီရည်မှန်းချက်ကို ဘယ်လိုအကောင်အထည်ဖော်မယ်။ ရည်မှန်းချက် ထမြောက်အောင်မြင်ဖို့အတွက် ဘယ်လိုရွေးချယ်ဆုံးဖြတ်မှုတွေ လုပ်ရမယ်ဆိုတာကိုပါ သေချာစွာ နားလည်နိုင်ပါလိမ့်မယ်။

သင်က စာအုပ်ပါ စာပိုဒ်တစ်ခုချင်းအလိုက် သေချာစွာလေ့လာပြီး သေချာစွာ လက်တွေ့ကျကျ ခွဲခြမ်းစိတ်ဖြာ အဖြေထုတ်ပေးပါ။

အကယ်၍ စာရှုသူက သင်တစ်ယောက်တည်းသာမက တစ်

mgyoe.com

mgyoe.com


ယောက်ထက်ပိုသောသူတွေ ရှိနေမယ်ဆိုရင် သင်ခန်းစာတွေကို ဖတ်ရှုပြီး ခွဲခြမ်းစိတ်ဖြာလေ့လာမှုတွေ ပိုမိုတွင်ကျယ်စွာ လုပ်ပေးနိုင်ပါလိမ့်မယ်။

သင်ဟာ စာအုပ်ပါ အရေးကြီးသောအချက်တွေကို ပထမအခန်းမှာကတည်းက သေချာစွာနားလည်အောင် လုပ်ထားနိုင်မယ်ဆိုရင် နောက်အခန်းတွေမှာ ပိုပြီး လွယ်ကူအဆင်ပြေ ချောမွေ့မှုတွေ ရှိလာမှာ ဖြစ်ပါတယ်။

အောင်မြင်မှုရယူလိုတဲ့သူတိုင်းအတွက် အဓိကအရေးပါသော စည်းကမ်းဥပဒေ ၁၇ ရပ်ကို သေချာစွာ လိုက်နာကျင့်သုံးဖို့ လိုအပ်ပါတယ်။ အကြောင်းကတော့ အောင်မြင်လိုတဲ့ ဘယ်သူမဆို အဲဒီအခြေခံကျတဲ့ ဥပဒေ ၁၇ ရပ်ကို လက်တွေ့အသုံးမချဘဲ ဘယ်လိုမှ အောင်မြင်မှု မရနိုင်တာကြောင့် ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ရည်မှန်းချက်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ဖို့ အခြေခံကျကျပါဝင်ရမယ့် စည်းကမ်းဥပဒေသတွေလို့ မှတ်ယူနိုင်ပါတယ်။

အမြဲတမ်းအောင်မြင်မှု ရယူနိုင်သူတွေအဖြစ် သတ်မှတ်ခြင်းခံနေရတဲ့ သူတွေထဲက ဘယ်သူ့ကိုမဆို လေ့လာကြည့်ပေးပါ။ ဒီအခါ အဲဒီ အောင်မြင်မှုရယူထားသူက သူ့မှာ တိကျတဲ့အဓိက ရည်မှန်းချက်တွေ ရှိနေတာကို သင်တွေ့ရပါလိမ့်မယ်။ အောင်မြင်မှုရယူနိုင်တဲ့ ရည်မှန်းချက်အတွက် သူ့မှာ တိကျတဲ့အစီအစဉ်တွေ ရေးဆွဲထားပြီးတဲ့သဘော ရည်ညွှန်းပါတယ်။

အောင်မြင်လိုတဲ့သူတွေဟာ လုံလောက်ပြည့်စုံသော စဉ်းစားတွေးခေါ်မှု ကြိုးစားအားထုတ်မှုတွေနဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်တတ်ကြပါတယ်။ လူတိုင်းလိုလိုက ဘဝမှာ အစစအရာရာပြည့်စုံမှု၊ သက်သောင့်သက်သာရှိမှုတွေအတွက် လိုအင်ဆန္ဒပြင်းပြမှုတွေ ရှိတတ်ကြပါတယ်။

mgyoe.com

mgyoe.com


ဥပမာအနေနဲ့ ငွေကြေးချမ်းသာပြည့်စုံမှု၊ ရာထူးရှိန်ဝါကြီးမားမှု၊ ဩဇာတိက္ကမကြီးမားမှု၊ ထင်ပေါ်ကျော်ကြားလူသိများမှု၊ အသိအမှတ်ပြု လေးစားခံရမှုတွေကို များစွာလိုလားတတ်ကြပါတယ်။

သို့သော်လည်း လူအများစုအနေနဲ့ အထက်ပါအတိုင်း လိုအင်ဆန္ဒတွေ ဘယ်လောက်ပဲကြီးမားသည်ဖြစ်စေ အဲဒီလိုဆန္ဒထက်ကျော်လွန်အောင် ကြိုးစားအားထုတ်နိုင်စွမ်းမရှိတာကို တွေ့ရှိရပါတယ်။

အချို့လူတွေကတော့ ဘယ်လိုဘဝမျိုးရယူချင်တယ်။ ဘယ်လိုဖြစ်အောင် လုပ်ချင်တယ်ဆိုတာကို ကိုယ်တိုင်အတိအကျသိတာကြောင့် သူတို့လုပ်ချင်တာတွေအတွက် ပြတ်သားစွာ စိတ်ပိုင်းဖြတ်နိုင်ကြပါတယ်။

အောင်မြင်လိုသူတွေဟာ သူတို့ရဲ့ အလိုဆန္ဒတွေကို ပြင်းပြသောဆန္ဒအဖြစ် ပြောင်းလဲပေးနိုင်ပြီး အဲဒီပြင်းပြသောဆန္ဒရဲ့ စေစားရာအတိုင်း လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ကြပါတယ်။

ဆင်းရဲမွဲတေသောဘဝမှ ချမ်းသာကြွယ်ဝသောဘဝ ရောက်အောင် ကြိုးစားအားထုတ်ရတဲ့ ပထမခြေလှမ်းဟာ အလွန်ခက်ခဲလှတဲ့ အခြေအနေတစ်ရပ် ဖြစ်ပါတယ်။ ကြီးမားသောအောင်မြင်မှုတွေဟာ အပြုသဘောဆောင်သော စိတ်နေစိတ်ထားတွေ ဘဏ္ဍာရေးဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေတွေအကြား သင့်တင့်မျှတမှုတွေ ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်တို့ အခြားကိုက်ညီမှုတွေကို ကောင်းစွာနားလည်ထားခြင်းတွေအပေါ် အဓိကမူတည်လျက်ရှိပါတယ်။

ကောင်းသော စိတ်နေစိတ်ထားတွေဆိုတာဟာ မှန်ကန်စွာထားရှိအပ်သော စိတ်နေသဘောထားကို ဆိုလိုပြီး တစ်ဆက်တည်းမှာပဲ အရည်အသွေးမြင့်မားတဲ့ စိတ်နေစိတ်ထားကို ရည်ညွှန်းလျက်ရှိပါတယ်။

အမျိုးသားတစ်ယောက်အနေနဲ့ ဝင်ငွေရရှိတဲ့အခါ အဲဒီဝင်ငွေကို

mgyoe.com

mgyoe.com


အကျိုးရှိရှိ အသုံးချမယ်။ ငွေကြေးကို စနစ်တကျ စီမံခန့်ခွဲနိုင်မယ်ဆိုရင် ဒါဟာ ငွေကြေးနှင့်ပတ်သက်ပြီး အောင်မြင်မှုဘဝတစ်သက်တာ ငွေကြေးလုံခြုံစိတ်ချရမှုတွေအတွက်သာ အခြေခံကျသောအလုပ်ကို စတင်လုပ်ဆောင်နိုင်တယ်လို့ မှတ်ယူနိုင်ပါတယ်။ တစ်နည်းအားဖြင့် ငွေကြေးနှင့်ပတ်သက်ပြီး မှန်ကန်သော စိတ်နေစိတ်ထား ထားရှိနိုင်တဲ့သဘောကို ရည်ညွှန်းနေတယ်လို့ ဆိုနိုင်ပါတယ်။

ငွေကြေးနဲ့ပတ်သက်တဲ့ စစ်မှန်သော ပျော်ရွှင်မှုတွေဟာ လက်ဆောင်အဖြစ်ရရှိတဲ့ ငွေကြေးကို လက်ခံခြင်းကြောင့်မဟုတ်ဘဲ သင်က ထိုက်တန်စွာ အလုပ်လုပ်နိုင်ခြင်းကြောင့် နောက်ဆက်တွဲ ကောင်းကျိုးအဖြစ်ရရှိလာတဲ့ သင့်ဝင်ငွေကြောင့်သာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့အနေနဲ့ အခြားသောနိုင်ငံတွေမှာ အလုပ်လုပ်ခြင်းထက် အမေရိကန်မှာ အလုပ်လုပ်ရခြင်းဟာ အခွင့်အရေးကောင်းတွေ များစွာရရှိစေပြီး ကျွန်ုပ်တို့စိုက်ထုတ်သော လုပ်အားတွေထက် အဆပေါင်းများစွာသော ကောင်းကျိုးရလဒ်တွေကိုလည်း ထိုက်ထိုက်တန်တန် ပြန်လည်ရရှိတတ်ပါတယ်။

အခွင့်အရေးကောင်းတွေ အဘက်ဘက်မှာ ပြည့်စုံနေတဲ့ အမေရိကန်မှာ ကျွန်ုပ်တို့ဘက်က မှန်ကန်စွာ ရည်မှန်းချက်ထားရှိပြီး မှန်ကန်စွာ ကြိုးစားအားထုတ်ဖို့သာ လိုအပ်ပါတယ်။

အခွင့်အရေးကောင်းဆိုတဲ့ လမ်းသစ်ပေါင်း ၁၀၀ ကျော်လောက်က ကျွန်ုပ်တို့အတွက်သာ အမြဲတမ်းလမ်းဖွင့် ကြိုဆိုနေတာကြောင့် ကျွန်ုပ်တို့ထားရှိတဲ့ ရည်မှန်းချက်အလိုက် ကွဲပြားသော နယ်ပယ်တစ်ခုစီအတွက် အခွင့်အရေးကောင်းတွေက အစဉ်စောင့်ကြိုနေတာ တွေ့ရပါတယ်။

ခေတ်မီတိုးတက်လာသော နည်းပညာတွေနဲ့အတူ လူတစ်ဦးချင်းစီရဲ့ စဉ်းစားတွေးခေါ်မှုတွေ စိတ်ကူးအကြံအစည်တွေကလည်း ယခင်က

mgyoe.com

mgyoe.com



ထက် ပိုမိုဆန်းသစ်လာဖို့လိုအပ်ပြီး သက်ဆိုင်ရာနယ်ပယ်အလိုက် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတွေ အဆင်သင့်ရှိထားဖို့ လိုအပ်ပါတယ်။

ယနေ့ကာလ အမေရိကန်အပါအဝင် ဖွံ့ဖြိုးတိုးတက်မှုရှိနေတဲ့ နိုင်ငံအသီးသီးမှာ စိတ်ကူးသစ်တွေ၊ ရှာဖွေမှုအသစ်တွေ တီထွင်ထုတ်လုပ်မှုအသစ်တွေ၊ အခွင့်အရေးအသစ်တွေ၊ ကျွမ်းကျင်မှုအသစ်တွေက အစားထိုးနေရာယူလာပြီး အပြိုင်အဆိုင်တိုးတက်မှုအရှိန်တွေကို ဘက်ပေါင်းစုံကနေ မြင့်တင်လျက်ရှိတာ တွေ့ရပါတယ်။

အမေရိကန်ပြည်ထောင်စုမှာနေပြီး အောင်မြင်မှု ကိုယ်ပိုင်အစွမ်းအစတွေနဲ့ အောင်မြင်ချင်တဲ့ သူတိုင်းဟာ အမေရိကန်နိုင်ငံသားဖြစ်ရခြင်းအပေါ် ဂုဏ်ယူပြီး ထူးခြားတဲ့အရည်အသွေး ရှိသူတွေအဖြစ် ကိုယ့်ကိုယ်ကိုယ် ခံယူထားဖို့လိုအပ်ပါတယ်။

ကမ္ဘာ့နံပါတ် ၁ နိုင်ငံအဖြစ်ဂုဏ်ယူစွာ ရပ်တည်နိုင်စေဖို့အတွက် အမေရိကန်ဟာ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးကဏ္ဍတွေ အပါအဝင် တခြားသောကဏ္ဍတွေကိုပါ အကောင်းဆုံးသော အစီအစဉ်တွေနဲ့ တာရှည်ခိုင်မြဲစွာ ထောက်မပေးထားနိုင်မယ့် ဒေါက်တိုင်တွေအဖြစ် အခိုင်အမာ တည်ဆောက်ထားနိုင်ခဲ့တဲ့ ကမ္ဘာ့သြဇာတိက္ကမ အကြီးဆုံးသော နိုင်ငံတစ်ခုဖြစ်ပါတယ်။

## ပင်ကိုအရည်အသွေးရှိသော အမေရိကန်နိုင်ငံသား ဖြစ်ရခြင်းအပေါ် ဂုဏ်ယူဖွယ်ဖြစ်စေသည့် အဓိကအရေးပါသော ဒေါက်တိုင် ၆ တိုင်

အမေရိကန်နိုင်ငံသားအဖြစ် ဂုဏ်ယူဖွယ်ဖြစ်စေရအောင် ထောက်မပေးထားသည့် ဒေါက်တိုင်တစ်တိုင်စီအား အောက်ပါအတိုင်း လေ့လာပေးနိုင်ပါတယ်။

၁။ ကျွန်ုပ်တို့ အမေရိကန်အစိုးရဖွဲ့ခြင်းဟာ အမေရိကန်ပြည်ထောင်

mgyoe.com

mgyoe.com


စုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အဘက်ဘက်က ထောက်ကွက်၊ ဟာကွက်မရှိဘဲ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားတစ်ဦးချင်း အလိုက်ကို လွတ်လပ်ခွင့်ပေးထားပြီး နိုင်ငံသားအခွင့်အရေးတွေကိုလည်း အပြည့်အဝ ခံစားခွင့်ပေးထားပြီး ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံသားတစ်ယောက်ဟာ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ စဉ်းစားတွေးခေါ်ခွင့်တွေ ရရှိထားပြီး လူ့အခွင့်အရေးကိုလည်း အပြည့်အဝရရှိထားပါတယ်။

ဒါကြောင့်လည်း လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရရှိသလို အသက်မွေးဝမ်းကျောင်း အလုပ်တွေကိုလည်း လွတ်လပ်စွာရွေးချယ်ခွင့် ရရှိကြပါတယ်။

အမေရိကန်နိုင်ငံသားတစ်ယောက်ဟာ သူ့ရဲ့ ကိုယ်ပိုင်အသိပညာ ဗဟုသုတတွေ၊ ဘဝအတွေ့အကြုံတွေ၊ တီထွင်ဆန်းသစ်လိုစိတ်တွေ၊ ကိုယ်ပိုင်ကျွမ်းကျင်လိမ္မာမှုတွေကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆို၊ ပြသ လုပ်ပိုင်ခွင့်ရရှိကြပြီး ဖြစ်ပါတယ်။

တခြားသော ကမ္ဘာ့နိုင်ငံတွေထဲက ဘယ်နိုင်ငံမှ အမေရိကန်လိုမျိုး လွတ်လပ်မှုနဲ့ အခွင့်အရေးတွေ မရရှိကြပါဘူး။

ဒါကြောင့်လည်း အမေရိကန်ပြည်ထောင်စုအစိုးရရဲ့ အုပ်ချုပ်မှု အောက်မှာရှိနေတဲ့ အမေရိကန်နိုင်ငံသားတိုင်းဟာ အမျိုးမျိုးသော အခွင့် အရေးကောင်းတွေနဲ့အတူ ကျေနပ်ပျော်ရွှင်စွာရှိနေတာ တွေ့ရပါတယ်။

၂။ ကျွန်ုပ်တို့အမေရိကန်ရဲ့ စက်မှုလုပ်ငန်းစနစ်မှာ အခြားသောနိုင်ငံ တွေက ပြိုင်ဘက်တွေရဲ့ နည်းပညာခိုးယူမှုတွေ၊ ဈေးကွက်ပြိုင်ဆိုင်မှုတွေ ကြောင့် အမေရိကန်နိုင်ငံသား စက်မှုလုပ်ငန်းရှင် တစ်ဦးတစ်ယောက်ကိုမှ ထိခိုက်မှုမရှိရအောင် အမေရိကန်အစိုးရက အကာအကွယ်လုပ်ပေးတတ်

mgyoe.com

mgyoe.com


ပါတယ်။

ကျွန်ုပ်တို့ အမေရိကန်အစိုးရဟာ ပြည်သူနှင့် စက်မှုလုပ်ငန်းရှင်တို့ အကြား ငွေလုံးငွေရင်းဖြင့် စွန့်စားရင်းနှီးမြှုပ်နှံလုပ်ကိုင်သော ပြည်ပမှ စီးပွားရေးစွမ်းဆောင်ရှင်များ၊ ပြည်တွင်းမှ အသေးစားလုပ်ငန်းရှင်တို့ အကြား တစ်ဖက်စောင်းနင်း လက်ဝါးကြီးအုပ် အနိုင်ကျင့်ခြင်းတွေ မဖြစ် ရအောင်နဲ့ အဘက်ဘက်မှ တရားမျှတမှုအရှိဆုံးဖြစ်အောင် ဆောင်ရွက် စီမံပေးလေ့ရှိပါတယ်။

နောက်ပြီး စက်မှုလုပ်ငန်းရှင်များ လောကမှာ အောင်မြင်ကျော်ကြား သော ထိပ်သီးခေါင်းဆောင်တွေနဲ့ အစိုးရထိပ်တန်းအရာရှိတို့အကြား ဖြစ်ပေါ်တတ်သော ပဋိပက္ခတွေမှာလည်း အကောင်းဆုံး၊ အသင့်လျော် ဆုံးဖြစ်အောင် ကြားဝင်ဖြေရှင်းပေးတတ်ပါတယ်။

အမေရိကန်ရဲ့ စက်မှုလုပ်ငန်းတွေဟာ သာမန်ပြည်သူတွေအတွက် မှီခိုအားထားနေရတဲ့ ငွေကြေးရရှိမယ့် အခွင့်အလမ်းကို ဖန်တီးပေးနိုင်တဲ့ လုပ်ငန်းတွေဖြစ်ပြီး ကျွမ်းကျင်မှုအလိုက် လုပ်ရသော အလုပ်တွေမှာတော့ ဥပဒေပညာရှင်တွေ၊ ရှေ့နေတွေ၊ တရားသူကြီးတွေ၊ ဆရာဝန်၊ သွား ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ပညာရေးဝန်ထမ်းတွေ၊ ဘုရားရှိခိုး ကျောင်းရဲ့ ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်။

ဒါကြောင့် အမေရိကန်နိုင်ငံသားတွေအတွက် သက်ဆိုင်ရာလုပ်ငန်း နယ်ပယ်နှင့် ကျွမ်းကျင်မှုအလိုက် အလုပ်လုပ်ခွင့် ရရှိခြင်းဟာလည်း အမေရိကန်နိုင်ငံသားအဖြစ် ဂုဏ်ယူဖွယ်ဖြစ်စေတဲ့ အရေးပါသော ဒေါက်တိုင်တစ်ခုဖြစ်ပါတယ်။

**၃။** ကျွန်ုပ်တို့ အမေရိကန်ရဲ့ ဘဏ်လုပ်ငန်းစနစ်ကို လေ့လာမယ်ဆို ရင် System ၂ မျိုး အသုံးပြုသော အစိုးရကြောင့် ကျွန်ုပ်တို့သာ အဆင် ပြေချောမွေ့မှုရှိနေတာကို တွေ့ရပါတယ်။

mgyoe.com

mgyoe.com


အကြောင်းကတော့ အမေရိကန်ရဲ့ အထင်ကရမြို့ကြီးနှစ်မြို့ဖြစ်တဲ့ ဝါရှင်တန်ဒီစီ (မြို့တော်)နဲ့ နယူးယောခ်မြို့တို့အနက် ဝါရှင်တန်ဒီစီဟာ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်တွေစီမံခန့်ခွဲသော မြို့ဖြစ်ပြီး နယူးယောခ်မြို့က တော့ ငွေကြေး (ဘဏ္ဍာရေးဆိုင်ရာ) ကိစ္စတွေ၊ စီမံခန့်ခွဲတဲ့ မြို့ဖြစ်နေတာကြောင့် ဖြစ်ပါတယ်။

နယူးယောခ်မြို့မှာရှိတဲ့ ဘဏ်တွေဟာ နိုင်ငံသားတွေရဲ့ စီးပွားရေး တိုးတက်ကောင်းမွန်အောင် များစွာအထောက်အကူပြုပေးနေတာ တွေ့ရပါတယ်။

၄။ ကျွန်ုပ်တို့အမေရိကန်ရဲ့ အသက်အာမခံစနစ်ဟာလည်း နိုင်ငံသား တစ်ဦးချင်းစီအတွက် ဘဝတစ်သက်တာနဲ့ ၎င်း၏မိသားစုအတွက် များစွာအထောက်အပံ့ ဖြစ်စေပါတယ်။

အမေရိကန်မှာရှိတဲ့ လူမှုရေးကူညီစောင့်ရှောက်မှု အသင်းတွေကလည်း မရှိဆင်းရဲချို့ငဲ့သော နိုင်ငံသားတွေအတွက် ပေးကမ်းလှူဒါန်းဖို့ ရန်ပုံငွေတွေ၊ ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တွေနဲ့ အကောင်းဆုံး ကူညီပေးလေ့ရှိပါတယ်။

အထူးသဖြင့် အမေရိကန်မှာ သက်ကြီးရွယ်အိုတွေအတွက် စောင့်ရှောက်မှု အစီအစဉ်ကောင်းတွေကို သေချာစွာ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

၅။ ကျွန်ုပ်တို့အမေရိကန်တွေဟာ လွတ်လပ်မှုကို အစဉ်ချစ်မြတ်နိုးသလို အမျိုးသားရေးစိတ်ဓာတ်တွေကလည်း ရင့်သန်လျက်ရှိကြပါတယ်။

နောက်ပြီး ကိုယ့်ကံကြမ္မာ ကိုယ်တိုင်စီရင် ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး လွတ်လပ်စွာပြောဆို၊ ရေးသား၊ တွေးခေါ်ခြင်းတွေကိုလည်း တန်ဖိုးထားတတ်ကြပါတယ်။ အတိတ်သမိုင်း စာမျက်နှာတွေကနေ ယနေ့ကာလအထိ

mgyoe.com

mgyoe.com


အစဉ်အလာကြီးမားခဲ့တဲ့ အမေရိကန်ဟာ အတိတ်ကာလကနေ ယနေ့ ကာလအထိ အစဉ်အလာကောင်းသော ခေါင်းဆောင် (သမ္မတ)အဆက် ဆက်ကို မွေးထုတ်ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။

၆။ အမေရိကန်နိုင်ငံသားတွေဟာ တရားမျှတမှုကို လိုလားပြီး အင်အားကြီးသောနိုင်ငံကိုဖြစ်စေ အင်အားနည်းသောနိုင်ငံကိုဖြစ်စေ တရားမျှတမှုဖြင့် အကာအကွယ်ပေးတတ်ပါတယ်။

သို့သော်လည်း အမေရိကန်အား ရန်ပြုစော်ကား၊ ကျူးကျော်လာသူ ဘယ်သူ့ကိုမဆို ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘဲ ထိုက်ထိုက်တန်တန် ထိရောက်စွာနဲ့ တုံ့ပြန်တတ်လေ့ရှိပါတယ်။

အထက်ပါ အဓိကအရေးပါသော ဒေါက်တိုင် ၆ တိုင်နဲ့အညီ အမေရိကန်နိုင်ငံသားတွေဟာ သူတို့နိုင်ငံကို သစ္စာစောင့်သိ ကာကွယ် အလုပ်အကျွေးပြုတတ်ကြပြီး တစ်မျိုးသားလုံးရဲ့ ဘဝတွေ ဘေးကင်း လုံခြုံ စိတ်ချအောင်လည်း ဆောင်ရွက်နိုင်စွမ်းရှိတတ်ကြပါတယ်။

သစ္စာစောင့်သိတတ်တဲ့ အမေရိကန်နိုင်ငံသားတွေဟာ သူတို့အတွက် အရေးပါတဲ့ ဒေါက်တိုင် ၆ တိုင်အား ထိခိုက်စော်ကား ဖျက်ဆီးသူတွေရှိ မလာရအောင် အစဉ်နိုးကြားသတိဖြင့် စောင့်ရှောက်ကာကွယ်ပေးတတ် ကြပါတယ်။

ကျွန်ုပ်တို့ အမေရိကန်နိုင်ငံသားတွေဟာ လူသားအခွင့်အရေး အပြည့် အဝဆုံးရရှိပြီး အလွတ်လပ်ဆုံးတွေကိုလည်း ပိုင်ဆိုင်ထားကြသော် လည်း စဉ်းစားတွေးခေါ်ပြောဆို လုပ်ကိုင်တဲ့အပိုင်းကဏ္ဍတွေမှာ အခွင့် အရေးဆိုတာထက် တာဝန်ဝတ္တရားတွေကို ပိုမိုအလေးထားသူတွေ ဖြစ်ကြ ပါတယ်။

ကျွန်ုပ်တို့ မှီတင်းနေထိုင်တဲ့ အမေရိကန်နိုင်ငံဟာ ဘဝရည်မှန်းချက် တွေကို အကောင်အထည်ဖော်ဖို့အတွက် အခွင့်အရေးကောင်းများစွာကို

mgyoe.com

mgyoe.com


ရရှိနေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ရဲ့ စက်မှုလုပ်ငန်းစနစ်တွေ၊ ဘဏ်လုပ်ငန်းစနစ်တွေဟာ အမေရိကန်ရဲ့ အဓိကအရေးပါတဲ့ ဒေါက်တိုင် ၆ တိုင်အတွက် တစ်ခန်းတစ်ကဏ္ဍအဖြစ် အားဖြည့်ထောက်ပံ့ပေးလျက်ရှိပါတယ်။

ခွဲခြမ်းစိတ်ဖြာ လေ့လာမှုတွေအရ လုပ်ငန်းနယ်ပယ်အသီးသီးမှာလည်း အရည်အချင်း အရည်အသွေးပြည့်ဝတဲ့ ခေါင်းဆောင်တွေက မျိုးဆက်သစ်တစ်ခုပြီးတစ်ခု အဆက်မပြတ်စေဘဲ မွေးထုတ်ပေးနိုင်သလို နည်းပညာ တိုးတက်မှုအလိုက် ကျွမ်းကျင်ပညာရှင်တွေကလည်း ဒုနဲ့ဒေး အဆင်သင့်ဦးဆောင်ဖို့ရှိနေတာ တွေ့ရပါတယ်။

အမေရိကန်နိုင်ငံသားတွေထဲမှာ အချို့က အမေရိကန်ထဲမှာ မွေးဖွားလာသူတွေဖြစ်ပြီး အချို့ကတော့ နိုင်ငံခြားတိုင်းပြည်မှာ မွေးဖွားရှင်သန်ပြီးနောက်ပိုင်း အမေရိကန်သို့ အခြေချနေထိုင်ဖို့ ပြောင်းရွှေ့လာတာ ဖြစ်ပါတယ်။

အမေရိကန်အတွက် အဓိကအရေးပါတဲ့ အရင်းအမြစ်တွေကတော့ နိုင်ငံရဲ့ စီးပွားတိုးတက်ဖွံ့ဖြိုးမှု၊ စက်မှုလုပ်ငန်းတိုးတက်မှု၊ ဆက်သွယ်ရေးနည်းပညာ တိုးတက်မှု၊ ရေနံနှင့် သစ်တောသယံဇာတများ ထွက်ရှိမှု၊ ဓာတ်သတ္တု ပေါကြွယ်ဝမှုဆိုတာတွေ တစ်ခုမှမဟုတ်ဘဲ အမေရိကန်နိုင်ငံသားတို့ရဲ့ အခြေခံစိတ်နေစိတ်ထား ရင့်ကျက်မှု၊ နိုင်ငံတော်အား သစ္စာစောင့်သိမှု၊ အမေရိကန်နိုင်ငံသားဖြစ်ရခြင်းအပေါ် ဂုဏ်ယူမှု၊ စဉ်းစားတွေးခေါ်၊ စိတ်ကူးမှုတွေ အားကောင်းမှုဆိုတဲ့ အရေးပါတဲ့ လူသားအရင်းအမြစ်တွေသာ ဖြစ်ပါတယ်။

အမေရိကန်နိုင်ငံသားတွေဟာ အရာရာ ရှေ့ပြေးတီထွင် စမ်းသပ်သူ၊ အများမလုပ်နိုင်တာကို လုပ်နိုင်သူတွေဖြစ်အောင်အစဉ်အမြဲ အားထုတ် ကြိုးစားတတ်ကြပါတယ်။

mgyoe.com

mgyoe.com



လွတ်လပ်မှုကို တန်ဖိုးထားပြီး နေရာတကာအကြောက်အလန့် မရှိတတ်တဲ့ သဘာဝတွေကြောင့်လည်း ကမ္ဘာ့နံပါတ် ၁ နိုင်ငံ မဟာအင်အားကြီးနိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေနိုင်တာဖြစ်ပါတယ်။

သဘာဝသယံဇာတ အရင်းအမြစ်တွေနဲ့ စီးပွားဥစ္စာကြွယ်ဝချမ်းသာမှုတွေအပေါ် အားမကိုးတတ်တဲ့ အမေရိကန်တွေဟာ စွမ်းအင်ကြီးမားသော စဉ်းစားတွေးခေါ်မှုကောင်းတွေ ရရှိရေးနဲ့ သူတို့ရဲ့ စိတ်ကူးတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးကိုသာ အဓိကဦးစားပေးသူတွေ ဖြစ်ပါတယ်။

ဒီအခြေအနေ အကြောင်းတရားတွေကြောင့်လည်း ကမ္ဘာမှာအချမ်းသာအကြွယ်ဝဆုံး လွတ်လပ်မှုအရဆုံးနဲ့ ဩဇာရှိန်ဝါအကြီးဆုံးသော နိုင်ငံအဖြစ် ရပ်တည်နေနိုင်တာ ဖြစ်ပါတယ်။

တိကျတဲ့ ရည်မှန်းချက်ထားရှိလိုသူတွေအနေနဲ့ မိမိတို့ ဘာလိုချင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာကို ကိုယ်တိုင်ရှင်းရှင်းလင်းလင်း သိထားဖို့လိုပါတယ်။ တကယ်တော့ အထက်ဖော်ပြချက်အတိုင်း ကိုယ့်ကိုယ်ကိုယ် တိတိကျကျ နားလည်နိုင်သူတွေဟာ ၁၀၀ မှာ ၉၈ ယောက်နှုန်းသာ ရှိတတ်တာ တွေ့ရပါတယ်။

ရည်မှန်းချက် တိတိကျကျ ချမှတ်ပြီးသူတွေအနေနဲ့ ရည်မှန်းချက် အကောင်အထည်ဖော်ရာမှာ လိုက်နာရမယ့်စည်းကမ်းတွေကို နေ့စဉ်အလေ့အထ တစ်ခုဖြစ်နေအောင် အသုံးချပေးဖို့လိုပါတယ်။

အကယ်၍ ရည်မှန်းချက် အကောင်အထည်ပေါ်စေမယ့် စည်းကမ်းဥပဒေသတွေကို ဖောက်ဖျက်ပြီး မလိုလားအပ်သော အလေ့အထတွေ ဝင်ရောက်လာမှုကို လက်ခံမိတယ်ဆိုရင် ကျရှုံးခြင်းဆီသို့ ဦးတည်သွားတတ်ပါတယ်။ သင်က ရည်မှန်းချက်ကို တိကျစွာ ထားရှိနိုင်မှသာ မှန်ကန်သော ရွေးချယ်ဆုံးဖြတ်မှုတွေ လုပ်နိုင်မှာဖြစ်ပါတယ်။

mgyoe.com

mgyoe.com


သင်က ရည်မှန်းချက်ကို အတိအကျ မသတ်မှတ်နိုင်ခဲ့ပါက ဆုံးဖြတ်ချက်အဆောတလျင် ချမှတ်ပြီး အချိန်တိုအတွင်းမှာပဲ အဲဒီဆုံးဖြတ်ချက်ကို အပြောင်းအလဲ လုပ်မိပါလိမ့်မယ်။

တိကျတဲ့ ရည်မှန်းချက် ချမှတ်ထားနိုင်သူဖြစ်ပါက ဆုံးဖြတ်ချက်ကိုဘယ်တော့မှ ပြန်လည်ပြင်ရိုးထုံးစံမရှိတတ်ဘဲ ဆုံးဖြတ်ချက်အတိုင်း အကောင်အထည်ပေါ်အောင် ဆောင်ရွက်ပါလိမ့်မယ်။

တကယ်တော့ ဆုံးဖြတ်ချက်ချတယ်ဆိုတာဟာ သင့်ဘက်က တိကျစွာ မှန်ကန်မှုရှိသော ကိစ္စတစ်ခုအား အခိုင်အမာအသိအမှတ်ပြုလိုက်ခြင်းသာ ဖြစ်ပါတယ်။

ကောင်းမွန်သော စိတ်နေစိတ်ထားတွေဟာ ခေါင်းဆောင်ကောင်းတစ်ယောက်ရဲ့အရည်အချင်းကို ပိုမိုတောက်ပြောင်စေပြီး ဆုံးဖြတ်ချက်တွေကိုလည်း တိကျခိုင်မာမှု ရှိစေတတ်ပါတယ်။

သင်ကအောင်မြင်မှုဆိုသော အဓိပ္ပာယ်ကို ခွဲခြမ်းစိတ်ဖြာလေ့လာမယ်ဆိုရင် ကံကောင်းခြင်းကြောင့် အောင်မြင်တယ်ဆိုတဲ့ အခြေအနေသဘောတရားတွေကို လုံးဝမတွေ့ရတတ်ဘဲ အောင်မြင်မှုရစေတဲ့ စွမ်းဆောင်ရည်တွေ အမှန်တကယ် အရည်အသွေးပြည့်မီလို့သာ အမှန်တကယ် အောင်မြင်မှုရတယ်ဆိုတဲ့အချက်ကို ထင်ရှားစွာ တွေ့ရပါလိမ့်မယ်။

အောင်မြင်မှုကို ဦးတည်တဲ့ ကိုယ်ပိုင်စွမ်းရည်ကိုလေ့လာတဲ့အခါ လူတစ်ဦးချင်းစီအလိုက်မှာရှိသော ထူးခြားတဲ့ အမှတ်လက္ခဏာတွေနဲ့ ဓလေ့စရိုက်၊ အမူအကျင့်တွေ ပေါင်းစပ်ပါဝင်နေတာ တွေ့ရပါတယ်။

ကိုယ်ပိုင်စွမ်းရည်ကောင်းအဖြစ် အသိအမှတ်ပြုနိုင်ဖို့ အောက်ပါ အရည်အသွေး ၁၀ မျိုး ညီညွတ်စွာ ပါဝင်ဖို့ အရေးတကြီး လိုအပ်ပါတယ်။

mgyoe.com

mgyoe.com


**a** တိကျသောရည်မှန်းချက် ထားရှိတတ်သည့် အမူအကျင့်ရှိနေခြင်း။

**b** အရေးကြီးသော အခြေအနေ၌ မဆိုင်းမတွ ဆုံးဖြတ်ချက်ချနိုင်ခြင်း။

**c** အကျင့်စာရိတ္တကောင်းမွန်ခြင်း (ရိုးသားဖြောင့်မတ်ခြင်း)

**d** တစ်စုံတစ်ယောက်ရဲ့ စိတ်ခံစားချက်တွေအပေါ် စည်းကမ်းဖြင့်ကန့်သတ်ခြင်း။

**e** မူလရှိနေတဲ့ စွဲလမ်းတတ်သော အလိုဆန္ဒတွေကို အသုံးဝင်သောစွမ်းဆောင်မှုအဖြစ် ပြောင်းလဲပေးခြင်း။

**f** အသိပညာဗဟုသုတများရရှိအောင် လေ့လာလိုက်စား၊ မှတ်သားသင်ယူခြင်း။

**g** အခြေအနေအရပ်ရပ်အပေါ် စိတ်ရှည်သည်းခံနိုင်စွမ်းရှိခြင်း။

**h** အခြားလူတွေရဲ့ ယုံကြည်မှုအပေါ် ဆန့်ကျင်ကန့်ကွက်မှု မပြုခြင်း။

**I** အမြဲတမ်း တတ်သိနားလည်နိုင်စွမ်းတွေ ပြည့်ဝနေရအောင် လေ့လာသင်ယူလိုစိတ်ရှိဆဲ ဖြစ်နေခြင်း။

**j** အမြဲတစေ စိတ်ကူးစိတ်သန်းကောင်းများဖြင့် နိုးကြားနေခြင်း

အထက်ဖော်ပြပါ အရည်အသွေးတွေနဲ့ ပြည့်စုံတဲ့ ခေါင်းဆောင်တွေသာ ရည်မှန်းချက်တွေကို အမှန်တကယ် အကောင်အထည်ဖော်နိုင်သူတွေဖြစ်ပါတယ်။

ရှေးယခင်က ဆိုရိုးစကားဖြစ်တဲ့ Knowledge is power (ပညာရဲရင့်ပွဲလယ်တင့်)ဟာ ယနေ့ကာလမှာတော့ မှန်တယ်လို့ မဆိုသာတော့ပါဘူး။

mgyoe.com

mgyoe.com


အကြောင်းကတော့ ပညာဗဟုသုတဟာ ဘယ်တော့မှ ပါဝါ (စွမ်းရည်) ဖြစ်မလာတော့ဘဲ စွမ်းရည်ပြည့်ဝစေမယ့် အရည်အသွေးတွေရှိအောင် လုပ်မှသာ အမှန်တကယ်စွမ်းရည်ကောင်းကို ရရှိမှာဖြစ်ပါတယ်။

လူတစ်ယောက်ရဲ့ ကိုယ်ပိုင်စွမ်းရည်ကို တိုင်းတာဖို့အတွက် Q+Q+ C ဖော်မြူလာကို အသုံးပြုပေးနိုင်ပါတယ်။

| | | |
|---|---|---|
| စွမ်းဆောင်မှု အရည်အသွေး + ကောင်းမွန်ခြင်း Q | စွမ်းဆောင်နိုင်သော လုပ်ငန်းပမာဏမှန် + ကန်ခြင်း Q | စီမံခန့်ခွဲမှုများဖြင့် ဦးဆောင်နိုင်ခြင်း C |

Quality of service Q + Quality of service Q + Conduct C

QQC ဖော်မြူလာအတိုင်း ဘယ်သူမဆို အရည်အသွေးတိုးတက်မြင့်မားအောင် လုပ်ဆောင်ပေးနိုင်ပါတယ်။

သို့သော်လည်း ရည်မှန်းချက်ခိုင်မာစွာ မထားရှိနိုင်သူ၊ ပျင်းရိသူ၊ ကြိုးစားအားထုတ်မှုနည်းပါးသူ ဖြစ်ပါက QQC ဖော်မြူလာကလည်း အစွမ်းထက်မြက်မှု မရှိနိုင်တော့ပါဘူး။

လူအများစုအနေနဲ့ ကြိုးစားအားထုတ်မှု လျော့နည်းခြင်းကြောင့် ကျရှုံးမှုတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ကျရှုံးတဲ့အခြေအနေကို ကံမကောင်းဘူးလို့ ယူဆတတ်ကြပါတယ်။

ကြိုးစားအားထုတ်မှု၊ ရည်မှန်းချက်ခိုင်မာမှုရှိခြင်းကြောင့် အောင်မြင်လာတဲ့သူတွေကတော့ ကံကောင်းခြင်း၊ ကံဆိုးခြင်းတွေအပေါ် ယုံကြည်စွဲလမ်းမှုမရှိဘဲ လုပ်သင့်လုပ်ထိုက်တာတွေကိုသာ တစိုက်မတ်မတ်လုပ်ဆောင်သွားလေ့ရှိကြပါတယ်။

mgyoe.com

mgyoe.com


အောင်မြင်မှုရရှိတဲ့သူတွေဟာ မှန်ကန်သော စဉ်းစားတွေးခေါ်မှုတွေအပေါ်မှာသာ အဓိကအားကိုးပြီး အရာရာကို လက်တွေ့ကျကျ လုပ်ဆောင်တတ်ကြပါတယ်။ ဒါကြောင့်လည်း ဒီလိုလူမျိုးတွေဟာ ကိုယ်ပိုင်စွမ်းရည်တွေ မြင့်မားတိုးတက်လာပြီး ဘယ်လုပ်ငန်းနယ်မှာမဆို အောင်မြင်မှုရယူနိုင်ကြတာ ဖြစ်ပါတယ်။ 'ဥုန်ဝါနာမိတ်ကာ' ဟာ အမေရိကမှာ အကြီးဆုံးသော လက်လီစတိုးဆိုင်ကြီးတစ်ဆိုင်ကို ပိုင်ဆိုင်ထားသူဖြစ်ပြီး ဖောက်သည်တွေက သူတို့ဝယ်လိုတဲ့ပစ္စည်းကို မေးလိုက်တာနဲ့ ချက်ချင်းလျှင်မြန်စွာ အဖြေပေးတုံ့ပြန်နိုင်သူဖြစ်ပါတယ်။ ဒါကြောင့် သူဟာ ကုန်သည် စီးပွားရေးသမားလောကမှာ အကြီးအကျယ်အောင်မြင်ပြီး သူ့လုပ်ငန်းကို ဆက်လက်တိုးချဲ့ လုပ်ကိုင်နိုင်ခဲ့သူဖြစ်ပါတယ်။

ဥုန်ဝါနာမိတ်ကာဟာ သူနဲ့ထိုက်တန်တဲ့ ကိုယ်ပိုင်စွမ်းရည်ကို အသုံးချနိုင်ခြင်းကြောင့် အောင်မြင်လာတာဖြစ်ပြီး ကံကောင်းထောက်မမှုတွေကြောင့် အောင်မြင်လာတာ မဟုတ်ဘူးဆိုတာကို လက်တွေ့ သက်သေပြနိုင်ခဲ့သူဖြစ်ပါတယ်။ မိတ်ကာအား QQC ဖော်မြူလာနှင့် ကိုက်ညီသော အရည်အသွေးရှိသူအဖြစ်လည်း သတ်မှတ်ပေးနိုင်ပါတယ်။

'ဂျိမ်းစ်ဂျေဟေး' ဟာ 'ဂရိတ်နော့သမ်းရထားလမ်းစနစ်' ကို တိကျသော ရည်မှန်းချက်ထားရှိပြီး တည်ဆောက်ခဲ့သူဖြစ်ပါတယ်။

ဒါကြောင့်လည်း သူ့ရဲ့ရထားလမ်းစနစ်ဟာ အောင်မြင်မှုရရှိခဲ့ပါတယ်။

'ဂျိမ်းစ်' ဟာ အစပထမမှာ တယ်လီဂရပ်ဖ်အော်ပရေတာဆိုတဲ့ နိမ့်ကျသောရာထူးနဲ့ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ရထားလမ်းစနစ်ကောင်းမွန်စွာ တည်ဆောက်နိုင်ဖို့အတွက် အစီအစဉ်တွေကောင်းစွာ ရေးဆွဲနိုင်ခဲ့ပါတယ်။

'သောမတ်စ်အယ်ဒီဆင်' ဟာ တစ်ကမ္ဘာလုံးကို လျှပ်စစ်မီးအလင်း

mgyoe.com

mgyoe.com


ရောင်နဲ့ မိတ်ဆက်ပေးနိုင်အောင် စတင်ကြိုးစားခဲ့သူဖြစ်ပါတယ်။

ဒါတင်မကသေးဘဲ သူဟာ စကားပြောစက်၊ ရုပ်ရှင်ပြစက်တွေကို လည်း လူသားတွေအတွက် အသုံးတည့်အောင် တီထွင်ထုတ်လုပ်ပေးခဲ့ သူ ဖြစ်ပါတယ်။ လက်တွေ့ကျကျ ကြိုးစားအားထုတ်တဲ့သူတွေဟာ ကံကောင်းသောနေ့တွေကို စောင့်မျှော်နေခြင်းမရှိဘဲ သူတို့လုပ်ရမယ့် အစီအစဉ်တွေအတိုင်းသာ တစိုက်မတ်မတ် လုပ်ဆောင်ခဲ့သူတွေ ဖြစ်ပါ တယ်။

တကယ်တော့ သောမတ်အယ်ဒီဆင်က အောင်မြင်မှုမရခင်မှာ ကျရှုံးမှုပေါင်း အကြိမ်ကြိမ် ရင်ဆိုင်ခဲ့ရပါတယ်။ သူ့ရဲ့ကျရှုံးမှုတွေဟာ တကယ်တော့ ကံဆိုးမိုးမှောင်ကျခြင်းကြောင့်မဟုတ်ဘဲ အောင်မြင်မှုရဖို့ လိုအပ်နေသေးတဲ့ သင်ခန်းစာယူစရာတွေနဲ့ ပြုပြင်ပြောင်းလဲ လေ့လာ သင်ယူမှုတွေ လိုအပ်နေသေးတဲ့ အခြေအနေကိုသာ ရည်ညွှန်းပါတယ်။

အယ်ဒီဆင်ဟာ အောင်မြင်မှုရရှိစေမယ့် နည်းလမ်းကောင်းကို ရှာမတွေ့သေးခင် ကျရှုံးခဲ့တာဖြစ်ပြီး အောင်မြင်မှုရရှိလာတဲ့ အခြေအနေ ကလည်း သူ့ရဲ့ကံကောင်းမှုကြောင့်မဟုတ်ဘဲ တစိုက်မတ်မတ် ကြိုးစား အားထုတ်ခြင်းကြောင့်သာ ဖြစ်ပါတယ်။

ဘယ်သူမဆို တိကျသော ရည်မှန်းချက်ထားရှိပြီး စိတ်အာရုံတွေ ကိုလည်း စုစည်းကာ မိမိလုပ်မယ့်အလုပ်ထဲ အာရုံစိုက်ထားနိုင်မယ်ဆိုရင် အောင်မြင်မှုကို အနှေးနဲ့အမြန် ရရှိမှာဖြစ်ပါတယ်။

လူတစ်ဦးချင်းစီ တိုးတက်အောင်မြင်ဖို့အတွက် အဓိကကျတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့လိုအပ်ပါတယ်။

သင့်မှာ တိကျတဲ့ရည်မှန်းချက် ချမှတ်ထားပြီး သင့်ကိုယ်ပိုင် စွမ်း ရည်ကောင်းတွေကို လက်တွေ့အသုံးချနိုင်မယ်ဆိုရင် ဘယ်လုပ်ငန်းနယ် ပယ်မှာဖြစ်စေ အောင်မြင်မှုရရှိမှာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com



တစ်ခါက အမေရိကန်ပြည်ထောင်စုရဲ့ ဒက်ထရွိုက်မြို့မှာ ‘ဟင်နရီဖို့ဒ်’ အမည်ရှိသူတစ်ယောက် ရှိခဲ့ပါတယ်။

ဟင်နရီဖို့ဒ်ဆီမှာ ‘လူသားချင်း ကောင်းမွန်သောဆက်ဆံရေးတည်ဆောက်နိုင်ခြင်းတွေက လုပ်ငန်းတိုးတက် အောင်မြင်စေမယ့် အလားအလာကောင်းတွေကို ဖန်တီးပေးနိုင်တယ်’ ဆိုတဲ့ အတွေးအခေါ်တစ်ခုရှိခဲ့ပါတယ်။

သူက အဲဒီအတွေးအခေါ်ကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တာကြောင့် စက်မှုလုပ်ငန်းရှင်များလောကမှာ ဩဇာရှိန်ဝါကြီးသူ တစ်ယောက်အဖြစ် ထင်ပေါ်ကျော်ကြားလာခဲ့ပါတယ်။

မစ္စတာဖို့ဒ်ဟာ ဖို့ဒ်မော်တော်ကား ထုတ်လုပ်ရေးကို အောင်မြင်အောင် လုပ်နိုင်ခဲ့ပြီး သူ့ဝန်ထမ်းတွေကို လေ့လာအကဲခတ်ခြင်း၊ သူ့ရဲ့ကိုယ်ပိုင်အတွေးအခေါ်ကို မြှင့်တင်ခြင်း၊ ကိုယ်ပိုင်အရည်အသွေးတွေတိုးတက်မြင့်မားလာအောင် ကြိုးစားခြင်း၊ ရည်မှန်းချက်ကို ခိုင်မာစွာချမှတ်ခြင်းတွေကြောင့် နာမည်ကျော်ခဲ့သူဖြစ်ပါတယ်။

ဟင်နရီဖို့ဒ်ရဲ့ မူလရည်ရွယ်ချက်က မော်တော်ကားတွေကို ဈေးနှုန်းချိုသာစွာနဲ့ ထုတ်လုပ်ရောင်းချနိုင်ရေးပဲ ဖြစ်ပါတယ်။

မစ္စတာဖို့ဒ်လိုမျိုး ရည်ရွယ်ထားတဲ့ ကိစ္စတစ်ခုကို အောင်မြင်အောင်လုပ်ဖို့ စိတ်ထဲအမြဲထည့်ပြီး လက်တွေ့အကောင်အထည်ဖော်သူ၊ ထိုမှတစ်ပါး အခြားသောကိစ္စတွေကို ထည့်သွင်းစဉ်းစားခြင်းမရှိတတ်သူ၊ နောက်တစ်ယောက်ကတော့ ‘အက်ဖ်ဒဗလျူဝူးဝေ့သ်’ဆိုသူပဲ ဖြစ်ပါတယ်။

‘ဝူးဝေ့သ်’ ဟာ အမေရိကမှာ သူ့ရဲ့လုပ်ငန်း အဆောက်အအုံ (အမြင့်ဆုံးနှင့် အကြီးဆုံးသော အဆောက်အအုံ) ကြီးကို ပိုင်ဆိုင်ထားတဲ့ ‘နီကယ်’ လုပ်ငန်း လုပ်ကိုင်သူတစ်ဦးဖြစ်ပါတယ်။

mgyoe.com

mgyoe.com


အောင်မြင်မှုရရှိတဲ့သူတွေကို ကြည့်လိုက်ရင် ကိုယ်ပိုင်စွမ်းရည်ကောင်းဖြစ်စေတဲ့ အရည်အသွေး ၁၀ မျိုးကို ပိုင်ဆိုင်ထားကြတာတွေ့ရပါတယ်။

အဆိုပါ အရည်အသွေး ၁၀ မျိုးကို အလေ့အကျင့်မှ အလေ့အထဖြစ်တဲ့အထိ ပိုင်ဆိုင်ပြီး လက်တွေ့အသုံးချနိုင်ပြီဆိုတာနဲ့ အောင်မြင်မှုရယူနိုင်အောင် ဆက်လက်လုပ်ဆောင်နိုင်ပါလိမ့်မယ်။

ကိုယ်ပိုင်စွမ်းရည်ဖြစ်လာစေတဲ့ အရည်အသွေး ၁၀ မျိုးကို တစ်နေ့တည်း၊ တစ်ပတ်တည်း၊ တစ်နှစ်တည်းနှင့် အလုံးစုံပြည့်စုံစွာ ပိုင်ဆိုင်ချင်လို့ မဖြစ်နိုင်ပါဘူး။ သင်က အချိန်ပေးပြီး စိတ်ရှည်စွာနဲ့ ဖြည်းဖြည်းချင်းလေ့ကျင့်ယူမှသာ ရရှိမှာဖြစ်ပါတယ်။

အတိတ်ကာလမှာအောင်မြင်မှု ရအောင်ကြိုးစားသူတွေများပြားခဲ့ကြသော်လည်း သူတို့ ကျင့်သုံးတဲ့နည်းစနစ်က မှားယွင်းမှုတွေကြောင့်ကျရှုံးမှုနဲ့သာရင်ဆိုင်ခဲ့ရပါတယ်။

ရည်ရွယ်ချက် တိကျစွာထားရှိနိုင်သူ၊ တစိုက်မတ်မတ် ကြိုးစားအားထုတ်နိုင်သူတွေအတွက် ကိုယ်ပိုင်စွမ်းရည်မရှိ၊ ကိုယ်ပိုင်စွမ်းရည်ဖြစ်စေသော အရည်အသွေးတွေရဲ့ ထောက်ပံ့မှုလည်း မရှိခဲ့ပါက အောင်မြင်မှုရလိုက် ကျရှုံးလိုက်ဖြစ်နေပါလိမ့်မယ်။

အောင်မြင်မှုရယူလိုသူအနေနဲ့ ကိုယ်ပိုင်ဒဿနအမြင် ရှိနေဖို့လိုအပ်ပြီး အထောက်အကူပြုစေသော စည်းမျဉ်းစည်းကမ်းတွေကိုလည်းလိုက်နာနိုင်ဖို့ လိုအပ်ပါတယ်။

လူတစ်ယောက်မှာ စိတ်ကူးစိတ်သန်းတွေရဲ့ လွှမ်းမိုးမှု၊ အစီစဉ်ကောင်းတွေ ချမှတ်ထားနိုင်မှု၊ ရည်မှန်းချက်တိကျစွာ ချမှတ်ထားမှုတွေရှိနေပြီဆိုရင် သင့်မသိစိတ်ထဲမှာ သင့်ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်စေမယ့် ပြင်းပြသော အလိုဆန္ဒတွေက လက်တွေ့ကျကျ

mgyoe.com

mgyoe.com



လုပ်ဆောင်နိုင်အောင်နဲ့ အောင်မြင်အောင် စေ့ဆော်တိုက်တွန်းနေပါလိမ့်မယ်။

သောမတ်စ်အယ်ဒီဆင်ဟာ သူ့စိတ်ရဲ့ စွမ်းအင်တွေကို သူဖြစ်ချင်လုပ်ချင်တဲ့ကိစ္စရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် ထိထိရောက်ရောက် အသုံးချနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း သူ့ရဲ့ပြင်းပြသော စိတ်စွမ်းအင်က သူ့ရဲ့ ကိုယ်ပိုင်စွမ်းအင်ဖြစ်လာပြီး ကမ္ဘာကျော်တီထွင်သူတစ်ယောက်ဖြစ်တဲ့အထိ ရှေ့တန်းရောက်အောင် ပို့ဆောင်ပေးခဲ့တာ တွေ့ရပါတယ်။

ဟင်နရီဖို့ဒ်နဲ့ သောမတ်စ်အယ်ဒီဆင်တို့ဟာ အတွေးအခေါ်သမားတွေဖြစ်သလို သူတို့အတွေးအခေါ် အကြံအစည်တွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့သူတွေ ဖြစ်ပါတယ်။

သူတို့ရဲ့အတွေးအခေါ်တွေကို အကောင်အထည်ဖော်ရာမှာ စနစ်တကျရှိဖို့နဲ့ လိုရာခရီးကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိဖို့အတွက် သူတို့လုပ်ငန်း အစီအစဉ်တွေနဲ့ပတ်သက်ပြီး တိကျတဲ့ ရည်ရွယ်ချက်တွေ ချမှတ်ခဲ့ကြပါတယ်။

အကယ်၍ သင်ဟာ ဟင်နရီဖို့ဒ်နဲ့ သောမတ်စ်အယ်ဒီဆင်တို့ကို အားကျပြီး သူတို့လို အောင်မြင်အောင် လုပ်ချင်စိတ်ရှိသော်လည်း သင့်ကိုယ်သင် ယုံကြည်မှုမရှိဘဲ၊ ယုံမှားသံသယဖြစ်တာ၊ စိုးရိမ်ကြောက်ရွံ့တာတွေ ဖြစ်မယ်ဆိုရင်တော့ ကျရှုံးမှုက ရှေ့ကနေစောင့်ကြိုနေပါလိမ့်မယ်။

## ကျရှုံးမှုဖြစ်စေသော အခြေခံအကြောင်းအရင်းများကို လေ့လာခြင်း

၁။ ဆင်းရဲခြင်းအခြေအနေကို ကျေနပ်စွာလက်ခံခြင်း စား၊ ဝတ်၊ နေရေးဆိုတဲ့ အခြေခံလိုအပ်ချက် ပြည့်စုံရုံလောက်အပေါ် ကျေနပ်မှု

mgyoe.com

mgyoe.com


ရှိနေခြင်း၊ ကြိုးစားအားထုတ်နိုင်စွမ်း မရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းခြင်း၊ တိကျခိုင်မာသော ရည်မှန်းချက်မထားရှိနိုင်ခြင်း၊ ရောင့်ရဲတင်းတိမ်သော စိတ်ဖြင့် နေထိုင်ရှင်သန်ခြင်းတွေကြောင့် ကျရှုံးမှုတွေ ဆင်းရဲခြင်းတွေနဲ့သာ ရင်ဆိုင်ရတာဖြစ်ပါတယ်။

၂။ အောင်မြင်မှုရယူနိုင်သူတွေကို လေးစားအားကျခြင်းမရှိ၊ အောင်မြင်သူတွေရဲ့ ကြိုးစားအားထုတ်မှု နည်းလမ်းအတိုင်း လိုက်လံကြိုးစားအားထုတ်လိုစိတ်မရှိခြင်း၊ တိုးတက်အောင်မြင်၊ ကြီးပွားလိုစိတ်မရှိခြင်း၊ တိုးတက်အောင်မြင် ကြီးပွားလိုစိတ်ရှိသော်လည်း လုံ့လစိုက်မှုအားနည်းခြင်းတွေကြောင့် ကျရှုံးမှုနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

အောင်မြင်မှုရယူချင်သူတွေမှာ အောင်မြင်မှုရနိုင်စေတဲ့ စိတ်စွမ်းအင်တွေ ရှိနေဖို့လိုအပ်ပါတယ်။

အရည်အချင်း ဘယ်လောက်ပဲရှိရှိ အောင်မြင်လိုတဲ့ စိတ်စွမ်းအင်မရှိခဲ့ရင်တော့ ကျရှုံးမှုနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

"အင်ဒရူးကာနေဂျီ" ဟာ သူ့မှာရှိတဲ့ စိတ်စွမ်းအင်ကို ထိန်းချုပ်အသုံးချနိုင်တာကြောင့် အောင်မြင်တဲ့ စီးပွားရေးစွမ်းဆောင်ရှင် တစ်ယောက် ဖြစ်လာခဲ့ပါတယ်။ အလားတူ သောမတ်စ်အယ်ဒီဆင်သည်လည်း သူ့ရဲ့စိတ်စွမ်းအင်ကို ထိရောက်စွာ အသုံးချနိုင်ခဲ့တာကြောင့် စက်မှုစီးပွားရေး လုပ်ငန်းရှင်များလောကမှာ အောင်မြင်သူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

မိမိရဲ့ စိတ်စွမ်းအင်တွေကို ကိုယ်ပိုင်စွမ်းရည်တွေအဖြစ် အသုံးချနိုင်ခြင်းဖြင့် အကန့်အသတ်မဲ့သော ဉာဏ်ရည်ဉာဏ်သွေး နယ်ပယ်ဆီသို့ ထိုးဖောက် ဝင်ရောက်သွားနိုင်ပြီး သဘာဝကြီးရဲ့ လျှို့ဝှက်ချက်တွေကို တောင် ထုတ်ဖော်နိုင်စွမ်းရှိလာပါလိမ့်မယ်။

သို့သော်လည်း ဆင်းရဲခြင်း၊ ကျရှုံးခြင်း၊ နယ်ပယ်ထဲမှာပဲနေပြီး ရုန်း

mgyoe.com

mgyoe.com


ထွက်ဖို့ ကြိုးစားနိုင်ခြင်းမရှိရင်တော့ အထက်ပါအချက်တွေနဲ့ ဆန့်ကျင်ဘက်ဖြစ်မယ့် အကျိုးရလဒ်တွေကိုသာ ရရှိပါလိမ့်မယ်။

**၃**။ အလိုဆန္ဒရှိခြင်းသဘောနဲ့ လက်တွေ့ အမှန်တကယ် ရယူနိုင်အောင် ကြိုးစားခြင်းတို့အကြား အရေးပါတဲ့ ကွဲပြားခြားနားမှုတွေကို အသိအမှတ်မပြုနိုင်ခဲ့ရင် ကျရှုံးမှုနဲ့ ရင်ဆိုင်ရတတ်ပါတယ်။

လူတိုင်းဟာ ဘဝမှာ အရာရာကို ပိုကောင်းတာတွေပဲဖြစ်ဖို့ လိုလားကြပါတယ်။ အလိုဆန္ဒတစ်ခု ပြင်းထန်လာပြီဆိုရင် တိကျတဲ့ ရည်မှန်းချက်အသွင် ပြောင်းပေးနိုင်ပါတယ်။ သို့သော်လည်း သင်က အလိုဆန္ဒသက်သက် အရသာကောင်းတာတွေကို မျှော်မှန်းပြီး လက်တွေ့ ရယူနိုင်အောင် ပြင်းပြသော စိတ်ဓာတ်နှင့် မဆောင်ရွက်နိုင်ပါက ကျရှုံးမှုနဲ့သာ ဆက်လက်ရင်ဆိုင်ရမှာဖြစ်ပါတယ်။

**၄**။ ဆင်းရဲမွဲတေသော ပတ်ဝန်းကျင် အသိုင်းအဝိုင်းမှာမွေးဖွား၊ ကြီးပြင်းလာသူတွေဟာ လူ့အသိုင်းအဝိုင်းအတွင်း လူတွေနဲ့ ထိတွေ့ဆက်ဆံရမှာကို သိမ်ငယ်စိတ်ဝင်ပြီး ကြောက်ရွံ့တတ်ကြပါတယ်။

နောက်ပြီး သူတို့ဘဝ ဆင်းရဲရခြင်းဟာလည်း သူတို့ရဲ့ဘဝ ကံကြမ္မာ အကြောင်းတရားကြောင့် ဖြစ်တယ်လို့ ခံယူထားတတ်ကြပါတယ်။

အကြောင်းကတော့ ဆင်းရဲသားအများစုဟာ ဆင်းရဲခြင်းအခြေအနေဆိုးကနေ သူတို့ဘယ်တော့မှ မကျော်လွှားနိုင်ဘူးဆိုတဲ့ ယုံကြည်မှုကို ခိုင်မာစွာ လက်ကိုင်ထားကြတာကြောင့် ဖြစ်ပါတယ်။

ဆင်းရဲတဲ့ အသိုင်းအဝိုင်းက ကလေးတွေဟာ ငွေကြေးဘေးကင်းလုံခြုံစိတ်ချမှု၊ ငွေကြေးအခက်အခဲမှ လွတ်မြောက်မှုဆိုတဲ့ စကားအသုံးအနှုန်းတွေကို ဘယ်တုန်းကမှ ကြားဖူးခြင်းမရှိဘဲ သူတို့တစ်နေ့တာ အလုပ်လုပ်မှ တစ်နေ့တာအတွက် ထမင်းစားရမယ့်သဘောကိုသာ နားလည်ထားသူတွေ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


တကယ်တော့ ဆင်းရဲသောဘဝ အခြေအနေကို ရောက်နေခြင်းထက် ဆင်းရဲတွင်းနက်နက်ထဲကနေ ရုန်းထွက်ဖို့ နည်းလမ်းမရှာခြင်းက ပိုပြီး ကျရှုံးမှုကို ဖြစ်နေစေပါတယ်။

၅။ ဆင်းရဲသားတွေမှာ ရှိနေတတ်တဲ့ သိမ်ငယ်စိတ်ဟာ တိုးတက်အောင်မြင်လိုစိတ် မဖြစ်ပေါ်ရအောင် တားဆီးဟန့်တားနေပြီး ဆင်းရဲသားမျိုး ဆက်သစ်တွေကို ဆင်းရဲခြင်းသဘောတွေ လက်ဆင့်ကမ်းအမွေပေးစေတတ်ပါတယ်။

ဆင်းရဲသားတွေထဲက တစ်ဦးတစ်ယောက်ကမှ ကြီးပွားတိုးတက်အောင်မြင်လိုစိတ်တွေ မရှိခဲ့ရင်တော့ ဆင်းရဲခြင်းရဲ့ ဖိစီးနှိပ်စက်ခြင်းကို ဆက်လက်ခံနေရမှာ ဖြစ်ပါတယ်။

၆။ အောင်မြင်မှုအတွက် ကိုယ်ပိုင်စွမ်းရည်တွေ မြင့်တက်အောင်ကြိုးစားရေးမှာ အမြင်တိုခြင်း စိတ်စွမ်းရည်ကို ပြည့်ပြည့်ဝဝအသုံးမချနိုင်ခြင်း။ ဘဝအောင်မြင်မှု၊ ရည်မှန်းချက် အကောင်အထည်ဖော်မှုအတွက် လေးနက်သော စဉ်းစားတွေးခေါ်မှုတွေ မရှိခြင်းဆိုတဲ့ လိုအပ်ချက်တွေကြောင့် ကျရှုံးရတတ်ပါတယ်။

၇။ ကိုယ်ပိုင်ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်ထားမှုမရှိခြင်း – ထူးခြားသော စရိုက်လက္ခဏာတွေ၊ ထူးခြားသော အမူအကျင့်တွေ ရှိလာအောင် လေ့လာသင်ယူနိုင်စွမ်းမရှိခြင်း၊ ကိုယ်ကျိုးမငဲ့ကွက်ဘဲ အများကောင်းကျိုးရှိအောင် လုပ်ဆောင်ရေးတွေကို စိတ်မဝင်စားခြင်း၊ အရေးတကြီး ဆောင်ရွက်ရမည့် ကိစ္စများကို မေ့လျော့ခြင်း၊ ပြိုင်ဘက်တို့၏ လှုပ်ရှားဆောင်ရွက်မှုများကို သတိမမူခြင်းတွေကြောင့် ကျရှုံးရလေ့ရှိပါတယ်။

၈။ အရေးတကြီး ဆောင်ရွက်ရန်ကိစ္စများအား နေ့ရွှေ့ညရွှေ့လုပ်ခြင်း၊ တစ်နေ့တည်း ပြီးပြတ်အောင် လုပ်ဆောင်ရမည့်ကိစ္စများအား ပျင်းရိစွာရွှေ့ဆိုင်းခြင်း၊ လေးကန်ဖင့်နွှဲခြင်းတွေကြောင့် ကျရှုံးမှုနဲ့ ရင်ဆိုင်ရတတ်

mgyoe.com

mgyoe.com



ပါတယ်။

**၉**။ မှားယွင်းသော ရွေးချယ်ဆုံးဖြတ်မှုများ ပြုလုပ်ခြင်း– အကြံဉာဏ်ကောင်းများနှင့် အခွင့်အရေးကောင်းများကို လက်ခံနိုင်စွမ်းမရှိခြင်း၊ ကိုယ့်ကိုယ်ကိုယ် တာဝန်ယူနိုင်စွမ်းမရှိခြင်းတွေကြောင့် ကျရှုံးတတ်ပါတယ်။

**၁၀**။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအားနည်းခြင်း၊ မသိစိတ်မှ စေ့ဆော်တိုက်တွန်းနေသော အခြေအနေများကို အသိအမှတ်ပြုနိုင်စွမ်းမရှိခြင်း၊ မိမိလုပ်ဆောင်ရမည့် လုပ်ငန်းသဘော အစအဆုံးကို သေချာနားလည်အောင် လေ့လာနိုင်စွမ်းမရှိခြင်းတွေကြောင့် ကျရှုံးရတတ်ပါတယ်။

စိတ်ကူးစိတ်သန်းတွေဟာ တိုးတက်အောင်မြင်မှုတွေ အားလုံးရဲ့ အစပထမဖြစ်ပြီး ကံကြမ္မာအကောင်း၊ အဆိုးတွေကိုလည်း စတင်အုတ်မြစ်ချပေးနိုင်စွမ်းရှိပါတယ်။

ထို့အတူ စိတ်ကူးတွေဟာ တီထွင်မှုအားလုံးရဲ့ ပထမဆုံးအရေးပါတဲ့ အမှတ်တစ်ခုဖြစ်ပြီး စိတ်ကူးစိတ်သန်းတစ်ခုမှ နောက်ထပ်စိတ်ကူးစိတ်သန်းကောင်းတွေ ပေါ်ထွက်လာအောင် လုပ်ဆောင်ပေးနိုင်တာ တွေ့ရပါတယ်။

စိတ်ကူးတွေဟာ တိကျသောရည်မှန်းချက် ချမှတ်နိုင်ခြင်းရဲ့ အကျိုးရလဒ်အဖြစ် စတင်ပေါ်ပေါက်လာတတ်ပါတယ်။

အမှန်ကိုအမှန်တိုင်း လက်ခံနိုင်ခြင်းဟာ တိကျသော ရည်မှန်းချက်ထားရှိပြီး အောင်မြင်အောင် အကောင်အထည်ဖော်လိုစိတ်တွေကို သန္တေတည် မွေးဖွားစေတတ်ပါတယ်။

mgyoe.com

mgyoe.com


## တိကျသော ရည်မှန်းချက်ထားရှိခြင်းအား ဖွန်ကန်စွာ အဓိပ္ပာယ်ဖွင့်ဆိုခြင်း

၁။ တိကျသော ရည်မှန်းချက်ထားရှိခြင်းနှင့် ပတ်သက်ပြီး သင့်ရဲ့ ကိုယ်တိုင်ထုတ်ဖော်ရေးသားချက်တွေကို ရှင်းလင်းစွာရေးသားပေးပါ။

သင့်ရေးသားချက်တွေအောက်မှ လက်မှတ်ရေးထိုးပေးပါ။

ထို့နောက် သင့်ရေးသားချက်တွေကို အနည်းဆုံးတစ်နေ့လျှင် တစ်ကြိမ်ခန့် မှတ်ဉာဏ်ထဲစွဲမြဲအောင် နှုတ်မှအသံထွက်ပြီး ရွတ်ဆိုပေးပါ။

သင့်ရဲ့ တိကျတဲ့ရည်မှန်းချက်တွေနဲ့ ပတ်သက်ပြီး သေချာစွာ လုပ်ဆောင်နိုင်ပြီဆိုရင် သင့်ရဲ့ စွမ်းဆောင်ရည်တွေအပေါ် သင်က ပိုပြီး ယုံကြည်မှုရှိလာပြီး သင့်ရည်မှန်းချက်ကို အကောင်အထည်ဖော်ရဲတဲ့ သတ္တိတွေလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။

၂။ နောက်ထပ်စာမျက်နှာတစ်ခုမှာ သင့်ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်မယ့် အစီအစဉ်တွေရေးဆွဲပေးပါ။

သင်ရေးဆွဲမယ့် ရည်မှန်းချက်အကောင်အထည်ဖော်ရေး၊ အစီအစဉ်တွေဟာ ပြောင်းလွယ်၊ ပြင်လွယ်ရှိဖို့လိုအပ်ပြီး၊ သင့်မသိစိတ်က စေ့ဆော်သောအရာတွေနဲ့ သင့်ရဲ့အကန့်အသတ်မဲ့သော အသိဉာဏ်စွမ်းအားကို ပေါင်းစပ်ပြီး လက်တွေ့အသုံးချရမှာဖြစ်ပါတယ်။

တိကျသော ရည်မှန်းချက်ကို အကောင်အထည်ဖော်မယ့်သူ အနေနဲ့ အစဉ်အမြဲ နိုးကြားသတိရှိနေဖို့လိုအပ်ပြီး သင့်ရဲ့ မူလအစီအစဉ်တွေကို ပိုကောင်းသော အစီအစဉ်တွေအဖြစ် ပြောင်းလဲနိုင်တဲ့ အခွင့်အရေးကို ဖြစ်စေပါတယ်။

၃။ သင့်ရဲ့ တိကျသောရည်မှန်းချက်နဲ့ ပတ်သက်တဲ့ အချက်တွေကို ချရေးတဲ့အချိန်မှာ သင့်အလိုဆန္ဒပြည့်ဝစေမယ့် ရည်မှန်းချက် အကောင်အထည်ဖော်ရေး အစီအစဉ်တွေကို တိကျသော အချိန်ကန့်သတ်ချက်

mgyoe.com

mgyoe.com


တွေနဲ့အညီ ရေးဆွဲပေးရပါမယ်။

အကန့်အသတ်မဲ့သော ဉာဏ်ရည်ဉာဏ်သွေးမှာတော့ အချိန်ပေါ များမှုရှိပြီး သင့်ရဲ့ ရည်ရွယ်ချက်တွေကို တိကျစွာ အကောင်အထည်ဖော်ဖို့ အခွင့်အရေးကောင်းတွေပေးပါလိမ့်မယ်။

၄။ သင့်ရဲ့ စိတ်နေစိတ်ထားတွေကို အကောင်းဆုံး ထိန်းချုပ်နိုင်ခြင်း ဟာ တိကျသော ရည်မှန်းချက် အကောင်အထည်ဖော်ဖို့အတွက် တစ် ဖက်တစ်လမ်းကနေ အထောက်အကူပြုလျက်ရှိပါတယ်။

သင့်စိတ်ကို ထိန်းချုပ်တယ်ဆိုရာမှာ စိုးရိမ်ထိတ်လန့်ကြောက်ရွံ့ မှုမရှိရအောင် ယုံမှားသံသယ စိတ်ကင်းဝေးအောင် စိတ်ကိုအကောင်းဆုံး ထားရှိခြင်းသာ ဖြစ်ပါတယ်။

**တိကျသောရည်မှန်းချက် ချမှတ်ရာမှာ ပါဝင်သင့်သည့်အချက်များ**

တိကျသော ရည်မှန်းချက် ချမှတ်ရာ၌ အဓိကပါဝင်သင့်သော အချက်တွေကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်။

၁။ ပထမဆုံးသောစာပိုဒ်မှာ သင့်အလိုဆန္ဒ တိုးတက်မှုအခြေအနေ အရပ်ရပ်ကို တိကျစွာဖော်ပြပေးပါ။

တိကျသော ရည်မှန်းချက်နှင့်ပတ်သက်ပြီး သင်အကောင်အထည် ဖော်နိုင်မယ့် အစီအစဉ်တွေကို ချရေးပေးပါ။

၂။ ဒုတိယအပိုဒ်မှာ တိကျရှင်းလင်းသောအခြေအနေတွေအဖြစ် သင့်ရဲ့ စွမ်းဆောင်နိုင်ရည်တွေကို ချရေးပေးပါ။

အကန့်အသတ်မဲ့သော ဉာဏ်ရည်ဉာဏ်သွေးတွေဟာ လက်တွေ့ ကြိုးစား အကောင်အထည်ဖော်သူတွေ အတွက်သာ ကောင်းကျိုးပြုနိုင်ပါ လိမ့်မယ်။

၃။ တတိယမြောက် စာပိုဒ်မှာတော့ သင့်ရဲ့စိတ်နေစိတ်ထား၊ စိတ်ပိုင်း

mgyoe.com

mgyoe.com



ဆိုင်ရာအခြေအနေတွေကို ဖော်ပြပေးပါ။

သင့်ရဲ့ အကန့်အသတ်မဲ့သော ဉာဏ်ရည်ဉာဏ်သွေးက သင်ဘာတွေမှားတယ်၊ မှန်တယ်ဆိုတဲ့ အချက်တွေကို သင့်အား ထောက်ပြပါလိမ့်မယ်။

၄။ စတုတ္ထမြောက်စာပိုဒ်မှာတော့ သင်ဟာ နိုင်ငံအတွက် ဘယ်လိုအလုပ်အကျွေးပြုဖို့ ရည်မှန်းချက်ထားရှိတယ်။ သင့်ရဲ့တာဝန်ဝတ္တရားတွေကို ကျေပွန်အောင် ဘယ်လိုထမ်းဆောင်မယ်။ ဆက်ဆံရေးကောင်းတွေ တည်ဆောက်ပြီး သင့်ရည်ရွယ်ချက်တွေ အကောင်အထည်ဖော်နိုင်အောင် ဘယ်လိုကြိုးစားမယ်ဆိုတဲ့ အချက်တွေကို ချရေးပါ။

၅။ ပဉ္စမမြောက်စာပိုဒ်မှာတော့ သင့်ဆန္ဒရှိတဲ့ (ရည်ရွယ်ချက်အကောင်အထည်ဖော်မယ့်) နည်းလမ်းတွေ ချရေးပေးပါ။

သင့်ရဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေအရပ်ရပ် ကောင်းမွန်နေစေဖို့ ဘာသာရေး ကျင့်ကြံအားထုတ်မှုတွေ၊ ဘာသာရေးဆရာတွေရဲ့ အကြံဉာဏ်ကောင်းပေးမှုတွေကို လက်ခံကျင့်သုံးပေးပါ။

သင့်ရည်မှန်းချက်တွေကို အတိအကျသတ်မှတ်ပြီး အကောင်အထည်ဖော်နိုင်ဖို့ ဘာသာရေးအကူအညီတွေကို ရယူအသုံးချပေးပါ။

ခရစ်ယာန်ဘာသာဝင်ဖြစ်ပါက ဘုရားရှိခိုးကျောင်းသို့ ပုံမှန်သွားပြီး ဝတ်ပြုဆုတောင်း ပတ္ထနာခြင်းတွေ ပြုလုပ်ပေးပါ။

သင့်ရဲ့ အထက်ပါဆောင်ရွက်ချက်တွေကို ချရေးပေးပါ။

၆။ သင့်ရဲ့အခွင့်အရေး သင့်တာဝန်တွေနဲ့ ပတ်သက်သော အခြေအနေအရပ်ရပ်ကို ချရေးပေးပါ။

လွတ်လပ်မှုကိုမြတ်နိုးခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ သစ္စာစောင့်သိခြင်းတွေနဲ့ ရပ်တည်ပြီး တိကျစွာချမှတ်ထားတဲ့ ရည်မှန်းချက်ကို ရေးဆွဲပေးပါ။ ရည်မှန်းချက်ကို တိကျစွာ ရေးဆွဲနေချိန်အတွင်း လိုအပ်သော

mgyoe.com

mgyoe.com



အခြေအနေအလိုက် အများကိုကူညီပြီး ကောင်းကျိုးပြုပေးပါ။

၇။ သတ္တမမြောက်စာပိုဒ်မှာ သင့်ရဲ့ စိတ်နေစိတ်ထား စရိုက်လက္ခဏာနဲ့ပတ်သက်ပြီး ရှင်းလင်းတိကျစွာ ဖော်ပြပေးပါ။

သင်ဟာ မိသားစုအတွင်းဖြစ်စေ မိတ်ဆွေအပေါင်းအသင်းတွေအကြားမှာဖြစ်စေ ကောင်းမွန်သော ဆက်ဆံရေး တည်ဆောက်နိုင်သူဖြစ်ကြောင်း ထည့်သွင်းရေးသားပေးပါ။

၈။ လူတစ်ယောက်ရဲ့ တိကျစွာချမှတ်ရေးဆွဲထားသော ရည်မှန်းချက်ထဲမှာ ရည်မှန်းချက် အကောင်အထည်ဖော်မယ့် ကိစ္စကလွဲပြီး အခြားအရေးမပါသော ကိစ္စရပ်တွေ ထည့်သွင်းစဉ်းစားမှာ မဟုတ်ကြောင်းချရေးပေးပါ။ အောင်မြင်မှုလိုလားသူတွေဟာ အကန့်အသတ်မဲ့သောဉာဏ်ရည်ဉာဏ်သွေးတွေအပေါ် ယုံကြည်ပြီး ယုံကြည်တဲ့အတိုင်း လက်တွေ့အသုံးချမယ်ဆိုတဲ့ အချက်ကိုပါ ထည့်သွင်းရေးသားပေးပါ။

**တချို့သောလူတွေဟာ တိကျသော ရည်မှန်းချက်တွေ ချမှတ်ပြီး အမေရိကန်ပြည်ထောင်စု တိုးတက်ဖွံ့ဖြိုးအောင် များစွာကူညီ ထောက်ပံ့ပေးခဲ့ကြပါတယ်**

အမေရိကန်ပြည်ထောင်စုကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်တဲ့သူတွေဟာ တိကျသော ရည်မှန်းချက်တွေ ချမှတ်ပြီး သူတို့ရဲ့ တစ်ကိုယ်ရည်တိုးတက်အောင်မြင်မှု တစ်ခုတည်းအတွက်သာမကပဲ နိုင်ငံတော်အတွက်ပါ ကောင်းကျိုးရှိအောင် လုပ်ဆောင်မယ့်သူတွေ ဖြစ်ပါတယ်။ ဒါကြောင့်လည်း အမေရိကန်ကို ကိုယ်စားပြုတဲ့ အောင်မြင်မှုတွေဖြစ်အောင် ကြိုးစားနိုင်ခဲ့သူတွေအဖြစ် ထင်ပေါ်ကျော်ကြားကြတာ ဖြစ်ပါတယ်။

ဟင်နရီဖို့ဒ်ဟာ အမေရိကန်ရဲ့ စက်မှုစီးပွားရေးလုပ်ငန်းရှင်လောကမှာ နံပါတ်တစ် ထင်ပေါ်ကျော်ကြားတဲ့ သူတစ်ယောက် ဖြစ်ခဲ့ပါ

mgyoe.com

mgyoe.com


တယ်။

ဖို့ဒ်ဟာ သူ့ရဲ့ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုတွေကို တိကျသော ရည်မှန်းချက်ချမှတ်ပြီး လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်ခဲ့သူဖြစ်ပါတယ်။

ဖို့ဒ်က သူ့လုပ်ငန်းခွင်ထဲက အင်ဂျင်နီယာတွေကို မော်တော်ကားထုတ်လုပ်မှု အောင်မြင်ဖို့အတွက် လိုအပ်တဲ့ အရင်းအမြစ်တွေ ထောက်ပံ့ပေးခဲ့တယ်။

သူ့ရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ဈေးနှုန်းချိုသာတဲ့ မော်တော်ကားတွေ ထုတ်လုပ်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

မစ္စတာဖို့ဒ်က မော်တော်ကား ထုတ်လုပ်မှုအတွက် စတင်ကြိုးစားနေချိန်အတွင်း မော်တော်ကား ထုတ်လုပ်ရေးကို စိတ်ဝင်စားတဲ့ စက်မှုလုပ်ငန်းရှင် ၂၀၀ လောက်ကလည်း အချိန်နှင့်ငွေကြေး အကုန်ကျခံပြီး ကြိုးစားခဲ့တာကို မှတ်တမ်းတွေအရ သိရှိရပါတယ်။

ထိုခေတ်ကာလတစ်လျှောက် မော်တော်ကားထုတ်လုပ်ဖို့ ကြိုးစားသူတွေဟာ ဖို့ဒ်ထက်ပိုပြီး ပညာတတ်သလို ဖို့ဒ်ထက်ပိုပြီး ငွေလုံးငွေရင်း တတ်နိုင်သူတွေ ဖြစ်ပါတယ်။ သို့သော်လည်း ငွေလုံးငွေရင်းတတ်နိုင်သူ၊ ပိုပြီး ပညာတတ်သူတွေဟာ တိကျသော ရည်မှန်းချက် ချမှတ်နိုင်ခြင်းမရှိဘဲ ဟင်နရီဖို့ဒ်ကသာ တိကျသောရည်မှန်းချက် ချမှတ်နိုင်တာကြောင့် မော်တော်ကားထုတ်လုပ်မှုမှာ အောင်မြင်မှုရရှိတာဖြစ်ပါတယ်။ သောမတ်စ်အယ်ဒီဆင်ဟာ တိကျသောရည်မှန်းချက် ချမှတ်ပြီး ဆောင်ရွက်နိုင်သူတစ်ယောက် ဖြစ်ပါတယ်။

အယ်ဒီဆင်ဟာ လျှပ်စစ်မီးသီးကို တီထွင်နိုင်မှုမရှိသေးခင် အကြိမ်ပေါင်းထောင်ချီပြီး ကျရှုံးခဲ့သူဖြစ်ပါတယ်။

သို့သော်လည်း သူ့ရဲ့မဆုတ်မနစ်သော ကြိုးစားအားထုတ်မှုတွေ

mgyoe.com